# Seventeenth Sunday in Ordinary Time

## 1st READING: *2 Kgs 4:42-44*

**ဓမ္မရာဇဝင်စတုတ္ထစောင်၊ ၄း ၄၂-၄၄**

တဖန်ဗာလရှလိရှမြို့မှလူတယောက်သည်လာ၍၊ အဦးသီးသောမုယောဆန်ဖြင့်လုပ်သောမုန့်လုံးနှစ်ဆယ်နှင့်အိတ်၌ထည့်အသော အသီးအနှံများကို ဘုရားသခင်၏လူထံသို့ဆောင်ခဲ့၏။ ဧလိရှဲကလည်း၊ဤလူများကိုကျွေးလော့ဟုဆိုလျှင်၊ ကျွန်ကအဘယ်သို့နည်း။ ကျွန်တော်သည် လူတရာကို ဤမျှနှင့်ကျွေးနိုင်ပါမည် လောဟု မေးလျှင်၊ ဧလိရှဲက ဤလူများကို ကျွေးလော့။ ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထိုသူတို့သည် ဝစွာ စားကြသော်လည်း စားစရာ ကျန်ကြွင်းလိမ့်မည်ဟု မိန့်တော်မူကြောင်းကို ပြောဆိုသော်၊ ကျွန်သည်လူများရှေ့ မှာထည့်၍ထာဝရဘုရား၏ စကားတော်နှင့်အညီ ထိုသူတို့သည် ဝစွာစားကြ၍ စားစရာကျန်ကြွင်းလျက်ရှိ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Ps  145:10-11, 15-16, 17-18

**ဆာလံ ၁၄၅**

သံပြိုင်။ ။ ကိုယ်တော်သည်လက်တော်ကိုဖွင့်တော်မူ၍သက်ရှိသတ္တဝါတိုင်း၏လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးတော်မူ၏။

၁။ အိုထာဝရဘုရား၊ ကိုယ်တော်ပြုတော်မူသမျှတို့သည်ကိုယ်တော့်ကိုချီးမွမ်းထောမနာပြုကြပါလိမ့်မည်။ ကိုယ်တော်၏သူတော်သူမြတ်အပေါင်းတို့သည်ကိုယ်တော့်ကိုကောင်းကြီးမင်္ဂလာပေးကြပါလိမ့်မည်။ သူတို့သည်ကိုယ်တော့်နိုင်ငံတော်၏ဘုန်းဂုဏ်တော်နှင့်ကိုယ်တော်၏တန်ခိုးတော်ကိုပြောကြားကြလိမ့်မည်။ (သံပြိုင်)

၂။ ရှိသမျှလူအပေါင်းတို့သည်ကိုယ်တော့်ကိုမျှော်ကြည့်ကြ၍၊ကိုယ်တော်သည်သင့်လျော်သောအချိန်၌သူတို့အားအစားအစာကို ပေးတော်မူ၏။ ကိုယ်တော်သည် လက်တော်ကိုဖွင့်တော်မူ၍ သက်ရှိသတ္တဝါတိုင်း၏လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးတော် မူ၏။ (သံပြိုင်)

၃။ ထာဝရဘုရားသည်မိမိလမ်းတော်တို့တွင်တရားမျှတတော်မူ၍မိမိပြုတော်မူသောအမှုအရာတို့၌သနားကရုဏာနှင့်ပြည့်စုံတော်မူ၏။ ထာဝရဘုရားသည်မိမိကိုခေါ်တအသနားခံသောသူအပေါင်းတို့၏အနီးတွင်ရှိတော်မူ၏။ ကိုယ်တော်သည်သစ္စာသမ္မာတရား၌ကိုယ်တော်ကိုအသနားခံသောသူအပေါင်းတို့၏အနီးတွင်ရှိတော်မူ၏။ (သံပြိုင်)

## 2nd READING: *Eph 4:1-6*

ဖေက်ဆွသဝါဒစာ ၄း၁–၆

သို့ဖြစ်၍သခင်ဘုရား၏အမှုတော်ကိုဆောင်ရွက်သောကြောင့်အကျဉ်းသမားတစ်ဦးဖြစ်သောငါသည်သင်တို့အားနှိုးဆော်ပါ၏။ သင်တို့သည်ဘုရားသခင်၏ခေါ်တော်မူခြင်းကျေးဇူးတော်ကိုခံရကြသည်နှင့်အညီကျင့်ကြံပြုမူကြလော့။ စိတ်နှလုံးအစဉ်နှိမ့်ချကြလော့၊ သိမ်မွေ့နူးညံ့ကြလော့၊ စိတ်ရှည်ကြလော့၊ တစ်ဦးကိုတစ်ဦးသည်းခံခြင်းအားဖြင့်မေတ္တာပြကြလော့။ သင်တို့အားစည်းလုံးစေသောငြိမ်းချမ်းသာယာခြင်းအားဖြင့်ဝိညာဉ်တော်ဘုရားပေးသနားတော်မူသောစည်းလုံးညီညွတ်မကိုအစွမ်းကုန်ထိန်းသိမ်းကြလော့။ မျှော်လင့်ခြင်းတစ်ပါးတည်းသို့ဘုရားသခင်ခေါ်ထားတော်မူသည့်နည်းတူကိုယ်ခန္ဓာတော်တစ်ပါးတည်း၊ ဝိညာဉ်တော်တစ်ပါးတည်းရှိတော်မူ၏။ သခင်တစ်ပါးတည်း၊ယုံကြည်ခြင်းတစ်ပါးတည်း၊ ဗတ္တိဇံတစ်ပါးတည်း။ လူသားအပေါင်းတို့၏အဖဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည်လူခပ်သိမ်းတို့ကိုအုပ်စိုးတော်မူ၍၊ လူခပ်သိမ်းတို့အားဖြင့်လုပ်ဆောင်တော်မူလျှက်လူခပ်သိမ်းတို့အထဲတွင်ရှိတော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: Jn 6:1-15

ရှင်ယောဟန်ဧဝံဂေလိကျမ်း ၆း ၁–၁၅

ထို့နောက်ယေရှုးသည်တိဘေရိယအိုင်ဟုအမည်တွင်သောဂါလိလေပင်လယ်တစ်ဘက်ကမ်းသို့ကြွတော်မူ၏။ ရောဂါဝေဒနာစွဲကပ်သောသူတို့အပေါ်မှာကိုယ်တော်ပြုတော်မူသောအံ့ဖွယ်တန်ခိုးလက္ခဏာများကိုများစွာသောသူတို့သည်တွေ့မြင်ကြသဖြင့်သူတို့သည်ကိုယ်တော်၏နောက်တော်သို့လိုက်ကြလေ၏။သခင်ယေရှုးသည်လည်းတောင်ပေါ်သို့တက်ကြွတော်မူ၍တပည့်တော်တို့နှင့်အတူထိုနေရာမှာထိုင်တော်မူ၏။ ထိုအချိန်သည်ဂျူးလူမျိုးတို့၏ပါစကားပွဲတော်ကျင်းပရန်နီးကပ်လာပြီဖြစ်၏။ ကိုယ်တော်သည်မော့ကြည့်တော်မူသောအခါများပြားလှသောလူအစုအဝေးသည်အထံတော်သို့လာနေကြသည်ကိုမြင်တော်မူသောကြောင့်ဤသူများစားသုံးရန်မုန့်ကိုငါတို့မည်ကဲ့သို့ဝယ်နိုင်မည်နည်းဟုဖိလစ်အားမိန့်တော်မူ၏။ ကိုယ်တော်သည်သူ့ကိုစုံစမ်းခြင်းငှါ ဤသို့မိန့်တော်မူခြင်းဖြစ်၏။အကြောင်းမူကား မိမိကိုယ်တိုင်မည်ကဲ့သို့ ပြုတော်မူမည်ကိုကိုယ်တော်သိတော်မူ၏။ ဖိလစ်ကလည်းလူတိုင်းတစ်ယောက်လျှင်မုန့်တစ်ဖဲ့စီရနိုင်ရန်ဒေနာရီနှစ်ရာဖိုးဖြင့်ဝယ်လျှင်လည်းလုံလောက်မည်မဟုတ်ပါဟုကိုယ်တော်အားပြန်လျှောက်လေ၏။ ကိုယ်တော်၏တပည့်တော်တစ်ပါးဖြစ်သောစီမုန်ပေတရု၏အစ်ကိုအန္ဒြေးယကကိုယ်တော်အားလျှောက်ထားသည်မှာ။ မုယောဆန်မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်ရှိသောသူငယ်တစ်ယောက်ဤနေရာမှာရှိပါ၏။ သို့သော်ဤမျှများပြားသောလူအစုအဝေးအတွက်မပြောပလောက်ပါဟုဆို၏။ ယေရှုးကလည်းလူများကိုထိုင်ပါစေဟုမိန့်တော်မူ၏။ ထိုနေရာ၌မြက်ခင်းများရှိ၏။ ငါးထောင်ခန့်ရှိသောလူတို့သည်လည်းထိုင်ကြကုန်၏။ ယေရှုးသည်မုန့်များကိုယူတော်မူ၍ကျေးဇူးတော်ကိုချီးမွမ်းတော်မူပြီးမှထိုင်နေကြသောလူတို့အားဝေငှတော်မူ၏။ ထိုနည်းတူငါးကိုလည်းသူတို့အလိုရှိသလောက်ဝေငှတော်မူ၏။ သူတို့စားကြပြီးသောအခါကိုယ်တော်သည်တပည့်တော်တို့အားကြွင်းကျန်သောအကျိုးအပဲ့များကိုမပျောက်မပျက်စေခြင်းငှါကောက်သိမ်းကြလော့ဟုမိန့်တော်မူ၏။ ထို့ကြောင့်သူတို့စားကြပြီးသည့်နောက်မုယောဆန်၊ မုန့်ငါးလုံးမှစားကြွင်းစားကျန်များကိုကောက်သိမ်းကြရာတောင်းတစ်ဆယ့်နှစ်လုံးအပြည့်ရကြ၏။ လူများသည်ကိုယ်တော်ပြုတော်မူသောတန်ခိုးလက္ခဏာကိုမြင်ကြလျှင်ဤသူသည်ကားဤလောကသို့ကြွလာမည့်ပရောဖက်ဧကန်မုချဖြစ်၏ဟုဆိုကြ၏။ထိုသူတို့သည်မိမိအားအတင်းအဓမ္မဘုရင်အရာ၌တင်မြှောက် ရန်လာကြ မည်ကိုသိတော်မူသောကြောင့်ကိုယ်တော်သည်တစ်ပါးတည်းတောင်ပေါ်သို့ ရှောင်တိမ်းသွား တော်မူ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။